
အကြည်တော်
စာအုပ်တိုက်
ILLUSTRATED BY KO SAN 2012

ဘဝလမ်း

မရေမရာ

သေသေချာ ကိုယ်မသိ။

လက်ဆုပ်လက်ကိုင် ပုံထင်ပြပါတဲ့

ပြောဖို့မရှိ။

ဘဝမှာ ပြဋ္ဌာန်းချက်မရှိ၊ ပြည့်စုံခြင်းမရှိ၊ တိကျသေချာ ခြင်းမရှိ၊ ကိုယ့်ရဲ့လောဘ ကိုယ့်ဆန္ဒဖက်ကို ယိုင်နဲ့ဖို့ဖိရင်း ဘဝကိုယ် တိုင်က နဲ့နဲ့လာ၏ ။ လူဟူသမျှသည် ဒုက္ခယက်ကောင်များချည်း သာဖြစ်သည်။ သည်လိုနဲ့သာပေါ့။

***

ပြည့်ဝက နောက်ကြောင်းမအေးစွာနဲ့ ဘေးဘီကို မလုံ မလဲကြည့်ရင်း ကားစုတ်တစ်စီး၏ ခေါင်းကို လေးငါးချက် အားနှင့် ဆင့်ကန်နေသည်။

''တောက် ဒီကားစုတ်ကလည်း နာလာဂီရိကြီး မှုးပြီး အိပ်ပျော်နေလား မှတ်ရတယ်၊ လုံးဝကို မနိုးတော့ဘူး၊ တစ်သက် တစ်ခါ ဝယ်လက်ရပါတယ်ဆိုမှ၊ အေး နင်ပဲ မနိုးနိုင်မလား၊ ငါပဲနှိုး နိုင်မလား ကြည့်ကြသေးတာပေါ့''

နောက်ကြောင်းမအေးစွာကြည့်ကာ ကားစက်ဖုံးဖွင့်နှိုက် သည်။ တူနှင့်ထုသည်။ ပြီးတော့ စက်နှိုးကြည့်ပြန်၏ ။ ကားက လူ မဟာ

အမဲခြောက်တောင်းသလို တအီးအီးအော်ရင်း နိုးသွားသည်။

''ဟင်း ပြည့်ဝကိုစမ်းလို့ ဘယ်ရမလဲ၊ နင်တို့လို ပေကပ် ကပ် ကောင်မျိုးတွေကို လမ်းပေါ်ရောက်အောင် တင်ပေးနေတာ ငါပဲကွ၊ ဟင်း''

ဝယ်သူနှင့်ရောင်းသူ နှစ်ဦးလုံး ကားနားရောက်လာ သည်။ ရောင်းသူကိုဘငြိမ်းဝေက စက်နိုးနေသော သူ့ကားကိုကြည့် ကာ တအံ့တဩနှင့် မေးမလိုလုပ်နေသဖြင့် ပြည့်ဝက မျက်နှာရိပ် နှင့် တားရသေးသည်။

''ကားကတော့ မြင်တဲ့အတိုင်း ဒေါက်ဝူးပဲ၊ ပြေးတာက လည်း အသံထိုရ်မြင်းကို ဘီးတပ်ထားသလိုပဲ၊ ဒီမှာ ဘော်ဒီကို လည်း ကြည့်ဦး၊ အများကြီးကျန်နေသေးတယ်၊ တွေ့လား၊ သံသား က ခေါက်ကြည့်၊ ကျွန်တော်က အစ်ကို့ကို ကားကောင်းစီးစေချင် လို့ တိုက်တွန်းတာ၊ ကားက အငြိမ်ဇယားကြီးဗျ၊ အဟင်းဟင်း''

ကားရောင်းချင်သည်ဆိုသော ကိုဘငြိမ်းဝေက တစ်သက် လုံး သေနေခဲ့သော၊ ယောက္ခမအဘွားကြီး ငေါက်ခနဲ ထထိုင်လာ သလို စက်နိုးနေသည့် သူ့ကားကို မယုံနိုင်သော မျက်လုံးစိမ်းကြီး များနှင့်ကြည့်နေသည်။ ပြည့်ဝက ဝယ်သူမရိပ်မိမီ ဇာတ်လမ်းကို အမြန်ဖြတ်ရမည်မို့ လောဆော်လိုက်သည်။

''ကဲ ကြိုက်တယ်ဆိုလည်း အရောင်းအဝယ်စာချုပ်လေး လုပ်လိုက်ကြရအောင်''

''အေးဗျာ၊ ကိုပြည့်ဝက တိုက်တွန်းတော့လည်း ဒီကားပဲ ယူရတော့မှာပဲ၊ သိတယ်မဟုတ်လား၊ သာကေတကိုဂျေဆိုတာက ပြတ်တယ်၊ မာတယ်၊ ကိုဂျေကို ထည့်လို့မရဘူး၊ ထည့်ရင်လည်း ကိုဂျေက မခံဘူး၊ သာကေတမှာ မေးကြည့်၊ ကိုဂျေ သာကေတ ကိုဂျေဆို ကလေးကအစ ခွေးအဆုံး ရှိန်ကြတယ်၊ ကိုဂျေက အမှန် အကန်ကြီးလေ''

''ကဲပါ အမှန်အကန် ကိုဂျေဖြစ်ဖြစ် သာကေတကိုဂျေ ဖြစ်ဖြစ်

ကားကြိုက်လား၊ ကြိုက်ရင် စာချုပ်ချုပ်ပြီး ငွေချေရ အောင်''

ပြည့်ဝက လောဆော်ပြန်၏။ သူ့ကားအကြောင်း သူပဲသိ သည်။ ခုတောင် ကားက တဖွတ်ဖွတ်နှင့် ချောင်းဆိုးနေပြီ။

''ကဲ ကဲ ငွေချေရအောင်''

ကားဝယ်သူကိုဂျေက ငွေကို ကျေကျေနပ်နပ်နှင့်ချေ၍ ကားကို ပျော်ရွှင်စွာ မောင်းထွက်သွားသည်။ ဘငြိမ်းဝေကတော့ ခုထိ နားမလည်နိုင်သေး။

''ဟင် ပြည့်ဝ၊ ဒီတစ်သက်လုံး မြေစိုက်ထားရတဲ့ကားကို မင်း ဘယ်လိုနှိုးလိုက်တာလဲဟင်''

''ထားစမ်းပါဗျာ၊ ဒါလေးတွေက ကျုပ်လို မာလတီပွဲစား တစ်ယောက်အတွက် ကလေးငွေလိုမ့်သလောက်ရှိတာ၊ ကဲ ကဲ ပွဲခ လေး မစပါဦး''

''အောင်မလေးဗျာ၊ ရပါတယ်၊ ဒီမှာ အသင့်ဖယ်ထားပါ တယ်၊ တစ်သက်လုံး ပြန်မပေါ်နိုင်တဲ့ငွေ ပြန်ပေါ်လာလို့ ကျေးဇူး လည်း အထူးတင်နေပါတယ်ဗျာ''

''အင်း ပွဲခတော့ ရပြီ၊ ဝပ်ရှော့ခလေး''

''ဝပ်ရှော့ခ''

''ဩော် ခင်ဗျားကားက မြေစိုက်နေတာဗျာ၊ အဲဒါကို စက်နိုးအောင် ကိုယ့်ကလေးလို ယုယုယယနဲ့ ကြည့်ပြီးပြင်ရတာ ''

''ဩော် ပြင်ရတာ လား၊ ရပါတယ်၊ ပေး ပေးရမှာပေါ့''

ကိုဘငြိမ်းဝေက သိပ်မကြည်ချင်တော့။ (၁)သိန်းထုတ် ထဲမှ ငွေတချို့ဆွဲထုတ်ရန်ပြင်နေ၏။ ပြည့်ဝ ငွေထုတ်ကိုဆွဲယူ လိုက်ပြီး

''လုပ်မနေပါနဲ့ဗျာ၊ တွက်ရခက်ပါတယ်''

ဘငြိမ်းဝေက ကြောင်စီစီကြည့်ရင်း

''သြော် အင်း အင်း တွက်ရခက်လို့လား၊ အင်း''

''သြော် မေ့တော့မလို့ အဟင်း ဘောက်ဆူးလေး မစပါဦး''

ဘငြိမ်းဝေက မျက်နှာကို ဘူးသီးပုပ်လို ရှုံ့တွ၍

''ဘာ ဘယ် ဘယ်က ဘောက်..''

''သြော် ခင်ဗျားကလည်း ခင်ဗျားကားဗျာ၊ ဘယ်လိုမှ ငွေ မပေါ်နိုင်တော့ဘူး၊ ဒီလိုကားကိုဗျာ ဒီဈေးကြီးနဲ့ရအောင် ရောင်း ပေးတာ၊ အဲဒီ အတွက် ခင်ဗျားဘက်က ဘယ်လိုပြောရမလဲ၊ နား လည်မှုနဲ့ စာနာမှုဗျာ၊ အင်း တစ်(ဖ်)မန်းနီးပေ့ါဗျာ၊ အင်း ဘောက်ဆူး ပေ့ါ၊ ဆု ဆုချရတာ ၊ ဒီလို ထုံးစံပေ့ါဗျာ''

''သြော် ထုံးစံ အင်း အင်း''

ဘငြိမ်းဝေက ငွေတစ်သိန်းထုပ်ကို ခြေတုန်လက်တုန်နှင့် ထုတ်ရင်း ငွေအချို့ ဆွဲထုတ်ဖို့ပြင်သည်။ ပြည့်ဝ ငွေထုပ်ကို ဆွဲယူ ၍

''လုပ်မနေပါနဲ့ဗျာ၊ ဈေးပေါင်ကျိုးပါတယ်၊ သူတော်ကောင်း ပိုက်ဆံနဲ့ လာဘ်ဖွင့်ရအောင်''

ဘငြိမ်းဝေ မပေးချင်သဖြင့် ငွေထုပ်ကို ပြန်ဆွဲထား၏ ။ ပြည့်ဝက ရအောင်ဆွဲယူပြီး

''အင်း အခုတလော အလုပ်တော့ကောင်းပါရဲ့၊ ငွေ လည်း ရသင့်သလောက်တော့ရပါရဲ့''

ဘငြိမ်းဝေကို မျက်စောင်းထိုး၍ ခွေးသူခိုးချောင်းချောင်းကာ

''ဒါပေမယ့်ပေ့ါဗျာ ဒါပေမယ့်ပေ့ါ အဲ ဘယ်လိုပြောရမလဲ ဆို ကျန်းမာရေး ကျန်းမာရေး အေး ကျန်းမာရေး သိပ်မကောင်း ဘူး ဖြစ်နေတယ်၊ အင်း

အဲဒါ ကျန်းမာရေးလေးဆိုတော့လည်း လူပီသစွာဗျာ၊ အင်း ငွေရှိတုန်းလေး အလှူပေါ့ဗျာ အလှူ၊ အလှူ ဆိုတော့လည်း စေတနာရှိသလောက် တစ်သိန်းတတ်နိုင် တတ်နိုင် (၁၀)သိန်းတတ်နိုင်တတ်နိုင်ပေါ့''

ဘငြိမ်းဝေ တော်တော်တင်းနေပြီ။

''အင်း ကားကလဲ''

''မြေစိုက်နေပြီဆိုတော့လေ''

ဘငြိမ်းဝေက ဘုတော၏ ။

''အင်း အဟင်း အစ်ကိုက အရမ်းသိတတ်တာပဲ၊ အဲဒါဆို အလှူလေး''

ဘငြိမ်းဝေက ငွေထုပ်ကြီးကို ကျစ်ကျစ်ပါအောင် ခွ ထားပြီး အိတ်ထဲက တစ်ထောင်တန်သုံးရွက်ကို နှိုက်ယူပေး၏ ။

''ရော့ သုံးထောင်၊ ဆေးခန်းသွားပြလိုက်နော်၊ တက်နေ ခြည် ဆေးခန်းလေ သိပ်ကောင်းတာပဲ''

ပြည့်ဝကြောင်သွား၏ ။

''ဆေးခန်း၊ ဩော် ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ အင်း နယ်က အဖေကလည်း နေ့သေမလား၊ ညသေမလားပဲ၊ အဲ အဲဒါ သာရေး နာရေး ရန်ပုံငွေအတွက် စေပေါ့၊ စေတနာလေ၊ အဲဒီ စေ''

''ဩော် မင်းအဖေကလည်း ချူချာတာပဲလား''

ပြည့်ဝက ခေါင်းကို သုံးချက်ညိတ်ပြ၏ ။

''အေး မင်းကလည်း အလှူခံနေပြီ၊ ငါကလည်း မြေစိုက် နေတဲ့ကားကို ရောင်းရထားပြီးဆိုတော့၊ အင်း စေပေါ့၊ စေ''

အိတ်ကပ်ထဲက ငွေနှစ်ရာထုတ်ပေး၍

''ရော့ ငါ့စေတနာ ဒီလောက်ပဲရှိတယ်''

ပြည့်ဝ မျက်နှာရှုံ့လျက် ခေါင်းကို တစ်ဖက်လှည့်သွားသည်။

ဘငြိမ်းဝေက သူ့လုပ်ရပ် မှားသွားလားဆိုပြီး လက်ထဲက နှစ်ရာတန်လေးကိုကြည့်ကာ ချီတုံချတုံနှင့် အားတုံ့အားနာဖြစ်နေ စဉ် ပြည့်ဝက နှစ်ရာတန်ကို ဖျတ်ခနဲဆွဲယူပြီး

''ပေး ''

ဘငြိမ်းဝေ အံ့သြသွား၏။ ''သောက်ပွဲစား သူတောင်း စားပေး ပေးလည်း ယူတာပဲ''

''အင်း ညီလေးကလည်း မိတဆိုးလေးဆိုတော့ ဟို မိတဆိုး လေးနဲ့မုဆိုးဖိုများ ရန်ပုံငွေအတွက်ဗျာ၊ ကားကလဲ''

''အေး မြေစိုက်နေပြီ၊ ရော့ ငါ မသုံးတော့ဘူး၊ မင်းနဲ့ မင်းအမျိုး ဂီလာနတွေရဲ့ရန်ပုံငွေပဲ ထည့်ပေးလိုက်တော့မယ်''

ကိုဘငြိမ်းဝေက စိတ်ပျက်လက်ပျက်ပုံစံမျိုးနှင့် ငွေအချို့ ကို ပက်ခနဲထုတ်ပေး၏။ ပြည့်ဝအဖို့တော့ ဒီလောက်အိုက်တင်က တုန်လှုပ်စရာ မဟုတ်ပါ။ ချပေးသောငွေကို အေးဆေးစွာကောက် ယူရင်း မှာကြားစရာရှိသော စကားများကို မှာကြားချေသေး၏။

''ကားတော့ ရောင်းပေးပြီးပြီနော်၊ နောင်ဖြစ်လာမယ့် ပြဿနာတော့ ကိုယ့်ဘာကိုယ်ရှင်း''

ဘငြိမ်းဝေက ပိုက်ဆံများသိမ်းကာ ဖုတ်ဖက်ခါ၍ အမြန် ထွက်သွား၏။ ဆက်၍ နေ,နေလျှင်လည်း ပြည့်ဝလိုကောင်က အမျိုး မျိုးလှည့်ပတ်ပြောဆို၍ အချောင်ဝင်နှိုက်နေဦးမည် မဟုတ်လား။

''အင် ရသမျှငွေကိုတော့ လှည့်ပတ်ညှစ်ယူတယ်၊ ရသမျှ အားလုံး

သူ့ဟာချည်းပဲ၊ ပြဿနာတက်ရင်တော့ ငါရှင်း ဟုတ်လား၊ ငါ တယ်လေ''

ပွဲစားလောက,က သည်သို့သာလေ။

***

ဒီနေ့ခေတ်၏ စတိုင်အရ လူတစ်ဦးသည် တစ်ပတ်တွင် အနည်းဆုံး တစ်ကြိမ်တော့ ရှော့ပင်းထွက်လေ့ရှိပါသည်။ ရှော့ပင်း ထွက်သည်ဟု ဆိုရာ၌ ဈေးဝယ်သည်ဟု မဆိုသာပါ။ ဈေးဝယ်နိုင် သည်ဖြစ်စေ၊ မဝယ်နိုင်သည်ဖြစ်စေ ဂျမ်းရှင်းများ စင်တာများ သွား၍ ခေတ်ကို မျက်စိဖြင့် ဝယ်တာလည်း ဖြစ်နိုင်သည်။ နောင် အခါ ငွေရှိလျှင် ဝယ်ရန်တေးမှတ်ထားဖို့လည်း သွားတတ်ကြ သည်။ သူများတွေ ဘာဝတ်နေပြီလဲ၊ ဘာသုံးနေပြီလဲ။ လေ့လာဖို့ လည်း သွားရသည်သာ။ ဒီနေ့တော့ လိုတရသည် ဂျမ်းရှင်းသို့ ရောက်နေခဲ့သည်။ ပြီးခဲ့တဲ့အပတ်က ကြည့်ထားခဲ့သော အဝတ် အစားနှင့် အသုံးအဆောင်များကို ယခုတစ်ပတ်တွင် လာဝယ်ရင်း နောင်အပတ်ဝယ်မည့် ပစ္စည်းများကို လာရောက်တေးမှတ်ထား ခြင်းဖြစ်သည်။

လိုတရက ကောင်တာတွင် ငွေရှင်း၍ ထွက်ခဲ့ပြီးမှ ဘောက်ချာနှင့်ပစ္စည်းများရေတွက်စစ်ဆေးရင်း ငွေငါးထောင် ပိုအမ်းထားကြောင်း တွေ့ရ၏ ။

''ဟင် ငါဝယ်ကတည်းက သုံးသောင်းခွဲဖိုး တွက်ဝယ်တာ၊ ဘာဖြစ်လို့ သုံးသောင်းပဲကျတာလဲ''

ပစ္စည်းများ ထုတ်စစ်ကြည့်ရာ တီရှပ်တစ်ထည်ဖိုး ကျန် ခဲ့ကြောင်း တွေ့ရ၏ ။

''ဪ ဒီတီရှပ်အတွက် ကျန်ခဲ့တာဖြစ်မယ်''

အမှားအယွင်းများကို လက်မခံနိုင်၊ လက်မခံတတ်သော လိုတရက

ချက်ချင်းပင် ကောင်တာသို့သွား၍ ကွန်ပလိန်းတက် တော့၏ ။

''ဒီကညီမလေး၊ ဒီဆိုင်ရဲ့ မန်နေဂျာကို တွေ့လို့ရမလား''

''ရှင် မမ ဘာပြဿနာများ ရှိလို့လဲ''

ကောင်တာမှ ကောင်မလေးက မျက်ကလဲဆန်ပျာနှင့် မေး၏ ။

''ပြဿနာကတော့ အကြီးကြီးပဲ၊ ညီမလေးတို့ ပေါ့လျော့ မှုကြောင့် ဒီဆိုင်ကြီး ပိတ်သိမ်းရတော့မယ်''

''ရှင် ဒီဆိုင်ပိတ်တော့မယ် ဟုတ်လား၊ အောင်မလေး လူမမာအမေနဲ့ မောင်ညီမငယ်က ငါးယောက်၊ ဘဝပျက်ပါပြီ အမေရဲ့''

ဘေးနားမှ အရောင်းစာရေးမတစ်ဦးက ကောင်တာမှ ကောင်မလေးကို တီးတိုးကပ်မေး၏ ။

''ဟဲ့ ဘာဖြစ်နေတာလဲ''

ကောင်တာစာရေးမလေးက မျက်ရည်အဝိုင်းသားနှင့်၊

''ဒီ ဒီဆိုင်ကြီး ပိတ်ရတော့မယ်တဲ့''

''အောင်မလေး အလုပ်ပေါင်း(၃၀)ကျော်လျှောက်ပြီးမှ ဒီအလုပ်ကလေးရထားတာ (၃)ရက်ပဲ ရှိသေးတယ်၊ ခု ဒီဆိုင်ကြီး ပိတ်ရတော့မယ်၊ အောင်မလေး အာဇာဏီမရဲ့ နင့်ဘဝက ကေတီ ဗီအပြင် မာဆတ်မရှိတော့ပါလားဟဲ့''

ဖက်ဖက်၍ ငိုကြတော့သည်။

မန်နေဂျာက အလန့်တကြား ပြေးထွက်လာ၏ ။

''ဘာ ဘာဖြစ်ကြလို့လဲဟင်''

''ဦးလေးတို့ပဲ ဆိုင်ပိတ်ကြတော့မလို့ဆို''

''ဟဲ့ နင်တို့ကို ဘယ်သူပြောတာလဲ''

တစီစီဖြစ်လျှင် တဟီဟီနှင့် ဝိုင်းကြည့်တတ်သော မြန်မာ လူမျိုးတို့ ထုံးစံအတိုင်း တစစနှင့် လူစုလာ၏။

''ဒီမှာ ဒီအစ်မကြီးပြောတာ''

''ခင် ခင်ဗျား ဘာတွေ လာပြောနေတာလဲ''

''ဒီမှာလေ၊ ကျွန်မက ပစ္စည်းသုံးသောင်းခွဲဖိုး အတိအကျ ဝယ်ထားတာ၊ ဒီမှာ စာရင်းက (၃)သောင်းပဲ ဖွင့်ထားတယ်၊ အဲဒါ မပိတ်သင့်ဘူးလား ဒီဆိုင်''

''ဩော် ငါးထောင်လေးကွာတာကို ညီမလေးရယ်၊ ကိုယ် တို့အရှုံးခံနိုင်ပါတယ်''

''ငါးထောင်လေး မလုပ်နဲ့လေ၊ (၃)သောင်းခွဲမှာ ငါး ထောင်မှားတယ်ဆိုတာ ရာခိုင်နှုန်းအရ (၁၅)ရာခိုင်နှုန်း မှားတဲ့ သဘောပဲ၊ ရှင်တွက်ကြည့်စမ်း၊ (၁၀၀)မှာ (၁၅)မှားနေပြီဆိုတော့၊ တစ်သိန်းမှာ (၁၅၀၀၀)မှားနေပြီ၊ သိန်း (၁၀၀)ဆိုရင် (၁၅)သိန်း ဆုံးရှုံးပြီ၊ ဒီဆိုင်က ပိတ်ရုံအပြင် ဘာရှိဦးမှာလဲ''

လူများ ဝိုင်းကြည့်ကာ ဝိုင်းဝန်းတွက်ချက်နေကြ၏။ မန် နေဂျာ ပြဿနာကို မကြီးစေလိုသဖြင့်

''ကဲ ညီမလေး၊ ဒီဆိုင်မပိတ်ရအောင်လေ ကိုယ် ဖိဖိစီးစီး ကြိုးစားမယ်၊ လာ လာ ကိုယ့်ရုံးခန်းထဲမှာ စကားပြောကြရ အောင်''

မန်နေဂျာက မျက်နှာကြီးအဖြဲသားနှင့် လိုတရကို အတင်း ဖိတ်သဖြင့် အခန်းထဲ လိုက်သွားရ၏။

မန်နေဂျာအခန်းထဲ ရောက်သည်နှင့် မန်နေဂျာက ပိုက်ဆံ တစ်သိန်းထုတ်ကိုထုတ်ယူရင်း လိုတရကို ရိုသေစွာပေး၏။

''ရှင် ဘာအတွက်လဲ''

''မှားယွင်းမှုအတွက်ပါ၊ ဒီကိစ္စကို အကျယ်အကျယ် မဖြစ် စေချင်ဘူး၊ ဒီငွေနဲ့ကျေနပ်ပါ''

''ဘာရှင့်၊ ရှင့်ကိုငွေညှစ်ချင်လို့ ရစ်နေတယ်မှတ်နေလား၊ ကျွန်မနာမည် လိုတရရှင့်၊ ကျွန်မလိုချင်တာ အကုန် ကျွန်မဘာ သာရအောင် ယူနိုင်တယ်၊ ကျွန်မက ရှင်တို့မမှားသင့်တာ မမှားရ အောင် သတိပေးတာ၊ ငွေလိုချင်တာ မဟုတ်ဘူး''

မန်နေဂျာကြီး ပိုပျာတောက်သွား၏ ။

''ဗျာ၊ အာ အဲလိုတော့ မလုပ်ပါနဲ့ဗျာ၊ ညီမလေး အဲလို လုပ်ရင် ဒီဆိုင်ရဲ့နာမည်ရော ကိုယ့်အလုပ်ကိုပါ ထိခိုက်နိုင်လို့ပါ၊ ကိုယ်တို့ရဲ့မှားယွင်းမှုအတွက် ဒီငွေနဲ့ကျေနပ်ပါလို့ အနူးအညွတ် တောင်းပန်ပါတယ်''

မန်နေဂျာက ရုတ်တရက် ဒူးကို ဆတ်ခနဲထောက်ရင်း တောင်းပန်သဖြင့် လိုတရက နောက်ကို ခုန်ဆုတ်ကာ တားမြစ်ရ ၏ ။

''ရှင်နဲ့ကျွန်မ နားလည်မှုလွဲနေပြီ၊ ကျွန်မဆိုလိုတာက ဒီငွေမဟုတ်ဘူးရှင့်''

''ကျွန်တော်ကလည်း တောင်းပန်နေတာပါ၊ ကျွန်တော် ပေးတာ နည်းမှန်းသိပါတယ်၊ ဒါပေမယ့် ကျွန်တော် ဒီလောက်ပဲ တတ်နိုင်လို့ပါဗျာ၊ မန်နေဂျာဆိုတာလေ၊ အထက်ကသူဌေးက ထောင်း၊ အောက်က အလုပ်သမားတွေက မရိုမသေမလေးမခန့် လုပ်၊ အဲဒီ လို ဘေးကျပ်နံကျပ်နေရတဲ့ သနားစရာဘဝလေးပါ၊ အဲဒါကို မစာနာမထောက်ထားဘဲ ညီမတို့လို ကမ်စတန်မာကပါ ဝင်ပြီးကလပ်နေရင် ကိုယ့်ဘဝဟာ အဟင့် ကိုယ့်ဘဝဟာ''

လိုတရ စိတ်ပျက်လက်ပျက်နှင့် ပိုက်ဆံကိုမယူဘဲ ထထွက်သွား၏ ။

''ဒီလောက်ဦးနှောက်နဲ့ ဒီရာထူးရထားတာ မတန်လိုက် တာ၊ ဒီဆိုင်ပြုတ်မှာပဲ''

မန်နေဂျာ ပိုက်ဆံကိုယူရင်း အလန့်တကြားနှင့် အတင်း နောက်ကလိုက်ပေး၏။

''ညီမလေး ဒီကိစ္စကို ဒီမှာပဲပြီးလိုက်ပါ၊ ဒီကဝန်ထမ်း တွေရဲ့မိသားစုတွေက ဒီလစာလေးနဲ့ နေနေကြရတာ ပါ၊ ဒီငွေလေး လက်ခံပြီး ဒီကိစ္စကို မေ့ပျောက်ပေးပါ၊ နော်..နော်''

''ရှင်က နားကိုမလည်တာဘဲ၊ ကျွန်မက ရှင်တို့ဆိုင် ကောင်း ကျိုးအတွက်ပြောတာ၊ ဒီငွေလေးကို ကျွန်မမျှော်ကိုးတယ်ထင် လို့လား''

''အောင်မလေး၊ ငါးထောင်မှားလို့ တစ်သိန်းလျော်တယ်၊ ဒီလောက်ငွေလေးတဲ့၊ လုပ်ပါညီမရယ်''

တဖြည်းဖြည်းနှင့် ဆိုင်ပြင်သို့ ရောက်လာကြ၏။

''ကိုယ်ကလည်း ဒီဆိုင်ကဝန်ထမ်းပါပဲ၊ ဒီကိစ္စကို သူဌေး သိရင်လေ၊ ကိုယ်တို့တစ်ဖွဲ့လုံး ထမင်းငတ်သွားမယ်၊ ဒီပိုက်ဆံလေး ကိုလေ မေတ္တာရှေ့ထားပြီး ယူပေးပါ၊ ဒီကိစ္စကိုလည်း ဒီငွေနဲ့ ကျေအေးပေးပါ''

သူတောင်းစားတစ်ဦးရှေ့မှာ လိုတရရပ်လိုက်၏။

''ကျွန်မက ရှင်တို့အလုပ်မှာ အမှားအယွင်းရှိနေကြ တယ်လို့ ထောက်ပြတာ၊ ဒီလိုလျော်ကြေးလိုချင်လို့ မဟုတ်ဘူး၊ ရှင်က ဒီလျော်ကြေးယူမှ ပြဿနာပြီးမယ်ထင်လို့လား''

''ပြဿနာမလုပ်ပါနဲ့၊ ဒီငွေလေး ယူပါညီမရယ်''

''ရှင် စေတနာရောပြတ်ရဲ့လား''

''အောင်မလေး ပြတ်လို့ပဲ ဒီလောက်အထိလိုက်ပေးနေတာ ပေါ့

ညီမလေးရယ်''

''ကောင်းပြီလေ ဒါဆိုရင်ပေး''

မန်နေဂျာက ဝမ်းမြောက်စွာ ငွေတစ်သိန်းထိုးပေး၏ ။

''အင်း ရှင်ကလည်း စေတနာပြတ်သားစွာနဲ့ ပေးချင် တယ်၊ ကျွန်မကလည်း ကိုယ့်အလုပ်မဟုတ်ဘဲ အလကားရတဲ့ငွေ ကို မလိုချင်တဲ့လူဆိုတော့ ဒီလိုပဲ ဆုံးဖြတ်ကြတာပေ့ါ''

မန်နေဂျာပြုံး၍ ခေါင်းညိတ်ကာ

''ဟုတ်ကဲ့ပါ၊ ညီမလေး ညီမလေးဆုံးဖြတ်တာ မှန်ပါ တယ်၊ ဝန်ထမ်းတစ်ရာကျော်ကို ထမင်းအိုးတည်ပေးတဲ့ ဆုံးဖြတ် ချက်ပါပဲ''

လိုတရက မန်နေဂျာလက်ထဲမှ ပိုက်ဆံတစ်သိန်းကို ယူ ပြီး သူတောင်းစားခွက်ထဲ လှမ်းပစ်ထည့်လိုက်၏ ။

သူတောင်းစားက ပိုက်ဆံထုပ်မြင်ပြီး မျက်ဆံလည်ကာ ငုတ်တုတ်မေ့။

''ဟား အဲလိုပြောတာ မဟုတ်ဘူးလေ၊ ဟာ ဟာ''

မန်နေဂျာကြီးက ပိုက်ဆံကို သူတောင်းစားခွက်ထဲမှ အတင်း ပြန်နှိုက်၏ ။ သူတောင်းစားကလည်း မခေပါ။

''ဟေ့ကောင် မင်းပဲ စေတနာပြတ်သားတယ်ဆို၊ ခုတင်ပဲ ငါ့နားနဲ့ ဆတ်ဆတ်ကြားထားတာနော် ဟေ့ကောင် ဟေ့ အကောင် ငါ့အနာနဲ့ တို့မှာနော်၊ လွှတ်စမ်း ငါ့ပိုက်ဆံ''

''အာ သူတောင်းစား၊ မင်းနဲ့ ငွေတစ်သိန်းထုပ် တူသ လား၊ တန်သလား၊ ငါ ပါးပိတ်တီးလိုက်ရ''

''အောင်မာ တီးရဲတီးကြည့်လေ၊ အနာကြီးရောဂါကူး အောင်ကို

ပြန်ကိုက်ပစ်မယ်''

လိုတရက သူနှင့်မဆိုင်တော့သောအကြောင်းမို့ အေး ဆေးစွာပင် ဖြတ်လျှောက်သွားလေပြီ။ မန်နေဂျာနှင့် သူတောင်း စားသာ ငွေတစ်သိန်းထုပ် အလယ်မှာထားကာ လွန်ဆွဲကြလို့။ အင်း ဒီနှစ်မိုးကောင်းမလားပဲ။

***

ပြည့်ဝ ကားမောင်းရင်း ပေါ့ပါးစွာထွက်လာ၏ ။

ဒီနေ့အဖို့ နေ့တွက်က အကြီးကြီးကိုက်ခဲ့ပြီလေ။

လမ်းတစ်နေရာတွင် ကားကိုနှိုက်ရင်း အမဲဆီများ ပေပွ နေသည့် ကိုဂျေကိုတွေ့သဖြင့် ပြည့်ဝခေါင်း တဖြည်းဖြည်း ကား ဒက်စ်ဘုတ်အောက်သို့ ပုဝင်သွား၏ ။

အနီးမှလူများက မောင်းသူမဲ့သောကားကိုကြည့်ကာ အံ့သြ နေကြသည်။ ယာဉ်ထိန်းရဲ အံ့သြစွာ ပါးစပ်တစ်ထွာလောက်ပွင့်သွား သဖြင့် ကိုက်ထားသော ဝီစီပင် လွတ်ကျသွားရသည်။

ကိုဂျေက ဖွဲခတ်ကာ တရစပ်ပြင်နေသည်။ သူ့နံဘေးတွင် လည်း ကားထဲကနှိုက်ထုတ်ထားသော ကားပစ္စည်းများက အပိုပစ္စည်း ဆိုင်ပင် ဖွင့်လို့ရလောက်သည်။

ပြည့်ဝက ကားလွန်လာပြီးမှ ဘက်ကြည့်မှန်မှ ပြန် ချောင်းရင်း တစ်ကိုယ်တည်း ပြုံးမိသည်။ ဒီလောက,က ညံ့သူခံ စတမ်းပါပေ။

***

သစ်သစ်လွင်လွင် နံနက်ခင်းက သန့်ပြန့်ကြည်လင်နေသည်။ လိုတရအဖို့ နံနက်ခင်း ဘုရားဝေယျာဝစ္စ လုပ်ပြီးသည်နှင့် ညီမ သဒ္ဒါ ကျောင်းမီဖို့အတွက် နံနက်စာပြင်ဆင်ပေးရသည်။ ညီအစ်မ နှစ်ဦးတည်းနေကြသူမို့

ကလေးလိုနေတတ်သော ညီမလေးကို လိုတရ ကပင် အစစအရာရာ ဖြည့်ဆီးဆောင်ရွက်ပေးရသည်။ ညီမလေး ကို ဘာတာဝန်မှ မပိစေလို။ ကျောင်းစာတစ်ခုကလွဲလျှင် အရာရာ သည် လိုတရ၏ တာဝန်များသာဟုခံယူထား၏ ။

နံနက်စာပြင်ဆင်နေစဉ် ညီမသဒ္ဒါ ကျောင်းသွားဖို့ဆင်း လာသည်။

''ဟော ညီမလေး ကျောင်းသွားတော့ဖို့လား''

''ဟုတ် မမ''

''လာဦး ညီမလေး၊ လက်သည်း''

ညီမက လက်နှစ်ဖက်ဖြန့်ပြ၏ ။

''သွား''

ညီမက သွားစေ့ပြသည်။

''အိမ်သော့ရော''

ညီမက လွယ်အိတ်တွင်တွဲထားသော အိမ်သော့ကိုပြ၏ ။

''ကျောင်းစာအုပ်တွေ စုံပြီနော်''

''စုံပါပြီမမရဲ့၊ မမက ညီမလေးကို တကယ့်ကလေးလေး ကျနေတာပဲ''

''လူကြီးဖြစ်ဖြစ် ကလေးဖြစ်ဖြစ် စည်းကမ်းဘောင်တွင်း မှာပဲ နေထိုင်ရတာ ပါ သဒ္ဒါရယ်၊ လူကြီးမို့လို့ စည်းကမ်းမလိုက်နာ လို့ မရသလို ကလေးမို့ စည်းကမ်းကို လျစ်လျူရှုလို့မရဘူး၊ ကဲ ညီမလေး မနက်စာစားဦး၊ ပြီးရင် မမလိုက်ပို့မယ်''

''မမဟာလေ၊ တစ်ချိန်လုံး စည်းကမ်း စည်းကမ်းနဲ့ တစ် ချိန်လုံး စည်းတွေဘောင်တွေထဲ နေနေရတာ မပျင်းဘူးလား''

''အမလေး..လေး စည်းကမ်းဆိုတာ ဥပဒေပဲညီမလေးရဲ့၊ ပျင်းလို့ ဥပဒေခဏချိုးဖောက်လို့မရဘူး ညီမလေး၊ ကဲ ဒါတွေ နောက် တော့ ညီမလေးသိလာမယ်၊ ကျောင်းနောက်ကျမယ်၊ အစားစား တုန်း စကားမပြောနဲ့တော့''

''ဒါလည်း ဥပဒေပဲလား''

''သဒ္ဒါ ညီမလေး၊ အစားအစာ စားတဲ့အခါ ဆိတ်ဆိတ် ငြိမ်ငြိမ်နဲ့ စိတ်ပါလက်ပါစားမှ အဟာရဖြစ်တာ၊ မမပြောတဲ့ စကား တိုင်းဟာ လိုအပ်လို့ပြောနေတာ၊ ကဲ စကားမပြောနဲ့ စား''

နှစ်ယောက်သား ဆိတ်ငြိမ်စွာစားကြ၏ ။ လိုတရက အရင် စားပြီး၍ ညီမစားတာစောင့်နေသည်။

''ကဲ စားပြီးပြီလား၊ လာ မမလိုက်ပို့မယ်''

ညီအစ်မနှစ်ဦး ထထွက်ကြသည်။ လိုတရက ဤသို့ပင် ဘဝကို စည်းထဲဘောင်ထဲ ဖြတ်သန်းနေသူဖြစ်ပါသည်။ နေ့စဉ် နံနက် ဘုရားအလုပ်လုပ်မည်၊ ညီမလေးကို နံနက်စာကျွေးမည်၊ ကျောင်းပို့မည်၊ ပြီးလျှင်တော့ သူ့ကုမ္ပဏီအလုပ်ကို စိတ်နှစ်၍ လုပ်တော့မည်ပေါ့။

***

ပွဲစားတန်းတွင် ပြည့်ဝက အေးအေးလူလူနှင့် လေချွန် ၍ လျှောက်လာစဉ် နောက်ကနေ လက်ကိုလိမ်ချိုးဖမ်းခြင်းကို ခံရ၏ ။ လှည့်ကြည့်လိုက်တော့

''ဟင် သာကေတကိုဂျေ၊ ဘယ့်နှယ်လဲ ကားက စီးကောင်း တယ်မဟုတ်လား''

''နင့်အမေ စီးကောင်းပါလား၊ မင်းဒေါက်ဂူးဆိုပြီး ငါ့ကို ထည့်လိုက်တဲ့ကားက မင်းရှေ့က ငါမောင်းထွက်ပြီး ဘီးလေးဘီးပဲ လိုမ့်ရသေးတယ်၊ ကျောက်သေဘာဝ ရောက်သွားတယ်၊ ဘယ်လို သဘောလဲကွ၊ ငါ ကျေနပ်အောင် ရှင်းစမ်း''

''သြော် ဟုတ်လား၊ ပြောတာနဲ့တော့ ညီသားပဲ၊ ကျွန်တော် ပြောသားပဲ၊ တကယ့်အငြိမ်ဇယားကြီးပါဆိုနေ ခုငြိမ်နေပြီမဟုတ် လား၊ ဟဲဟဲ ကဲ ဒါဖြင့်လည်း သွားလိုက်ဦးမယ်''

''အောင်မာ ရှူးကြောင်မူးကြောင်လုပ်ပြီး ရှောင်ပြေးမလို့ လား၊ မရဘူး ဟေ့ကောင်၊ အသထိုရ်ကို ဘီးတပ်ထားတယ်ဆိုတဲ့ မင်းကားက ခု ပွဲစားတန်းကို ခြေကုတ်ယူနေပြီ၊ အဲဒီ ကားကို စီးရ နိုးစီးရနိုးနဲ့ ငါပြင်ထည့်နေရတာ က ခုဆို သိန်း(၅၀) ကျော်နေပြီ၊ အင်ဂျင်ကလည်း ချာလီချက်ပလင်ခေတ်က စပုတ်တိုင်အင်ဂျင်''

''ရှေးဟောင်းပစ္စည်းလေးပေ့ါ၊ အန်းတိတ်ပစ္စည်းဆိုတာ''

''ဘာအန်းတိတ်လဲ၊ သောက်စုတ် သောက်စုတ်၊ ဘော်ဒီ တွေ အောက်ပိုင်းတွေ အများကြီးကျန်သေးတယ်ဆို''

''ဟာ အဲဒါတော့ မညာပါဘူး၊ အများကြီးကျန်ပါသေး တယ်ဗျာ''

''ကျန်သေးတယ် ဟုတ်လား၊ ကျုပ်အင်ဂျင်တုံးကိုထုရင်း ဆေးတွေ အဖတ်လိုက်ကွာကျလို့ ထုကြည့်တာ ကားတစ်စီးလုံး ဇကာပေါက်ဖြစ်နေပြီ၊ ခြင်တွေတောင် ခြင်ထောင်မှတ်ပြီး လာဝဲ နေကြတယ်''

''ခြင်ထောင်ဝယ်ရ သက်သာတာပေ့ါဗျာ''

''အေး ကောင်းသားပဲ၊ အင် မကောင်းဘူး၊ ကားက တန် လှ သိန်းတစ်ရာ့လေးဆယ်ပေ့ါ၊ ခုဝယ်တာက (၁၃၀)၊ စီးရနိုး စီးရနိုးနဲ့

ထပ်ထည့်နေရတာ က (၅၀)ကျော်နေပြီ၊ (၁၈၀)ဘယ်လိုမှ ပြန်မရနိုင်ဘူး၊ ဒီကြားထဲ ကားက ဝယ်ပြီးကတည်းက လမ်းပေါ်မှာ ကျောက်ချနေတာ၊ အိမ်ကမိန်းမကလည်း ကားဝယ်တယ်သာဆို တယ်၊ မမြင်ရလို့တဲ့၊ 'ရှင် ဘယ်ကောင်မကို လက်သိပ်ထိုးပြီး ပေး လိုက်တာလဲ' တဲ့၊ ဘယ်လိုရှင်းပြရှင်းပြ မယုံတော့ဘူး''

''အစ်ကိုရယ်၊ ပစ္စည်းဝယ်တယ်ဆိုတာ ဝယ်ပြီးမှ ဟိုလူ ကြောင့် ဒီလူကြောင့်လို့ အကြောင်းတွေပြနေလို့ မရဘူး၊ ကိုယ့် ထိုက်နဲ့ကိုယ့်ကံ ကိုယ်သာခံရမှာပဲ၊ ကံ ကံ၏ အကျိုးပေ့ါဗျာ၊ ခု သူများ စီးနေတယ် အကောင်းကြီး၊ ကိုယ့်အလှည့်ကျမှ နိုးမရဘူးဆိုတာ အဲဒါ အတိတ်ကံနဲ့ဆိုင်တယ်၊ အရင်ဘဝက ကိုယ်က သူများစီးမယ့်ယာဉ် ရထားကို ဖျက်ဆီးဖူးရင် ခု ကိုယ့်ရဲ့ယာဉ်ရထား ပျက်စီးမယ်၊ ဘုရား တောင်မှဗျာ အလောင်းတော်နုစဉ်ဘဝက မိခင်သောက်မယ့်ရေကို ချောင်းရဲ့အညာက နှောက်ခဲ့လို့ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီး မှာ ရေကြည်ဆက်တိုင်း နောက်ခဲ့ရတယ်ဆိုတာ ဒီအတိတ်ကံပေ့ါ၊ ခုလည်းကြည့် သူများစီးတော့ ဒေါက်ဝူး၊ ကိုယ့်ကျမှ ''

''ဘာဒေါက်ဝူးမှ မဟုတ်ဘူး၊ ဝယ်ပြီးမှမေးကြည့်တော့ ဒီကားကို ဒေါက်တင်ထားတာ ဆယ်နှစ်ကျော်ပြီတဲ့''

''အေးလေ ဆယ်နှစ်ကျော်အချိန်ယူပြီးတော့ ပြင်ထားတာ၊ ဒီကားကောင်းပြီပေ့ါ၊ ကဲပါအစ်ကိုရယ် တကယ်ဖြစ်လာမှ ဟိုလူ့ အပြစ် ဒီလူ့အပြစ်လုပ်မနေနဲ့၊ ကိုယ်ပြုတဲ့ကံ ကိုယ်သာခံရမှာပဲ၊ ယခင်ဘဝက မကောင်းခဲ့လို့ ခုဘဝမှာ ကားပျက်နဲ့ကြုံရပြီ၊ ယခု ဘဝကောင်းအောင်ကြိုးစား၊ နောင်ဘဝ ကာဒီလက်ခြောက်ပေါက် ကားကြီးစီးရမယ်၊ အဲဒီ တော့ ကျွန်တော်ဝယ်ပေးဦးမယ် ဟုတ်ပြီလား''

''သြော် အေးအေး၊ ဟာ ဟေ့ကောင်၊ ရှုးချင်ယောင်မဆောင် နဲ့၊ မင်း ငါ့ကားကို ဘယ်လိုလုပ်ပေးမလဲ ပြော၊ မင်း လူလည်ကျလို့ တော့ မရဘူးကွ၊ မင်း ငါ့နာမည်သိလား၊ သာကေတကိုဂျေကွ၊ ကလိန်ကကျစ်လုပ်လို့ကတော့

ဒီမှာမြင်လား''

လက်ဝါးကြီးကို အားရပါးရ ဖြန့်ပြ၏။

ပြည့်ဝ အံ့သြဟန်နှင့်ကြည့်ကာ

''ဟင် အသက်လမ်းကြောင်းက တိုတိုလေးပါလား၊ သတိ ထားသေတတ်တယ်''

ကိုဂျေ၏ နဖူးကို စိုးရိမ်တကြီး စမ်းကြည့်ကာ

''ပြစမ်း၊ ဟာ ကိုယ်တွေတောင်ပူနေပြီ၊ အိပ်ရာထဲမှာ ခဏနားလိုက်ရင်ကောင်းမယ်''

ဆရာဝန်ကြီးသဖွယ် ရင်ဘတ်ကိုခေါက်ကြည့်ပြန်၏။

''ဟင် အသည်းလည်း တစ်ခြမ်းပဲကျန်တော့တယ်၊ သုံး ထောင်ပေး''

''အေး''

ယောင်တောင်ပေါင်တောင်နှင့် နှိုက်ပေးပြီးမှ

''ဘာလုပ်ဖို့လဲ''

''အစ်ကို့ကို အသဲဆေးဝယ်တိုက်ဖို့လေ၊ ခဏစောင့်''

ပြည့်ဝ လစ်ဖို့ခွင်ဖန်ခြင်းဖြစ်သည်။

''ဟေ့ကောင် ရှုးကြောင်ကြောင်မလုပ်နဲ့၊ မင်း ဂျင်းထည့် ထားတဲ့ကားကို ဘယ်လိုလုပ်ပေးမလဲ၊ ဒါပဲပြော၊ ငါ့ဒေါသကို လာ မဆွနဲ့နော်၊ သာကေတမှာမေးကြည့်လိုက်၊ ကိုဂျေဆို လူတိုင်းသိတယ်''

ပြည့်ဝ မျက်နှာမာပစ်လိုက်၏။ ဒီလူနဲ့တော့ အနုနည်း နဲ့ ပတ်ရှောင်လို့တော့ မဖြစ်တော့။ အကြမ်းနည်းနဲ့ ထွက်ပြေးမှရ တော့မည်။

''ကဲကွာ၊ ငါကလည်းဘောက်ထော်ပြည့်ဝကွာ၊ ဘာလုပ်ချင် လဲ၊ ခု မျက်ခွက်ကိုဖြတ်ရိုက်လိုက်မယ် ကင်မရာနဲ့ စကားအကောင်း ပြောနေတာ မရဘူး၊ ငါဆွဲထိုးပစ်လိုက်မယ်''

ခပ်မာမာပြောပြီးမှ မျက်နှာရှုံးကြီးနှင့်

''ဂလိ ဟဲဟဲ''

ဒေါသထွက်ပုံ ပြန်ပြကာ

''ယောင်ပေယောင်ပေနဲ့ လာနွယ်နေလို့ကတော့ ပိတ် ကန်ပစ်လိုက်မယ် မြန်မာလိဒ်၊ ဦးစွန်းပုတ်ဆွဲပြီး တိုက်ပစ်လိုက် မယ် လက်ဘက်ရည်၊ ကားဆိုတာ အဝယ်မမှားရအောင် မဝယ်ခင် ပြုံးပြုံကြည့်ရတယ်၊ ကိုယ့်ဘာကိုယ်အဝယ်မှားပြီးမှ ပြည့်ဝကို လာ မစားနဲ့၊ လာစားလို့ကတော့ ကျွေးပစ်လိုက်မယ် ထမင်း၊ ဟဲဟဲ အစ်ကို ထမင်းလိုက်စားပါဦးလား၊ ဟို ကျွန်တော် ဗိုက်နည်းနည်း ဆာနေလို့''

ပြည့်ဝက ရှုံးကြောင်မူးကြောင်နှင့် ထွက်သွားဖို့ပြင်သော် လည်း ပြုတ်တူကြီးနှင့် ညှပ်ထားသလို ကုတ်ကိုဆွဲထားသော ကိုဂျေက

''ဟေ့ကောင် မင်း ဘာမှရှုံးချင်ယောင်ဆောင်မနေနဲ့၊ ငါ့ကို ဂျင်းထည့်ထားတဲ့ကားနဲ့ ပတ်သက်ပြီး ဘာလုပ်ပေးမလဲ၊ အဲဒါပဲပြော''

တော်တော်ပြောရကျပ်သူပါပေ။ နှစ်လုံးတည်းနဲ့ ဘောင်း ဘီကျပ်တယ်ဆိုတာ ဒီလိုလူမျိုးကို ရည်ညွှန်းတာဖြစ်နိုင်သည်။

ပြည့်ဝဉာဏ်နီဉာဏ်နက်ကို အစုံသုံးကာ အကြံထုတ်နေ ၏ ။ ပြီးမှ ကောင်းကင်ကိုကြည့်ကာ

''ဟင် ကြက်ငှက်တုတ်ကွေးဖြစ်ပြန်ပြီနဲ့တူတယ်''

ကောင်းကင်ကို လက်ညှိုးထိုးပြရင်း

''ဟိုမှာကြည့်စမ်း၊ ငှက်အသေလေးတစ်ကောင်''

ဟိုလူယောင်ပြီးလိုက်ကြည့်၏ ။

''ဟော့ကောင် ငှက်အသေက လေထဲမှာဝဲနေမှာလား၊ ဟင်''

ပြည့်ဝပျောက်သွားပြီ။

''ဒီကောင် ဟား ငါ့ကို လေထဲကငှက်အသေပြပြီး ဘတ် သွားပြန်ပြီ၊ ပြည့်ဝ ပြည့်ဝ ငါနဲ့တွေ့ဦးမယ်၊ အဲလေ ရှောင်သွားပါ ပြီဆိုမှ၊ အေး ငါ တွေ့အောင်ရှာဦးမယ်၊ တွေ့လို့ကတော့''

လက်သီးကို လက်ဝါးနဲ့ကြိတ်နေပုံများ မသိရင် ဆေးခါးကြီး ကြိတ်သောက်တော့မယ့်ပုံ။

***

လိုတရက နေ့စဉ်လုပ်ရိုးလုပ်စဉ်အတိုင်း ညီမသဒ္ဒါကို ကျောင်းပို့ဖို့ ကားကိုထုတ်၏ ။

ကားက နိုးမရ။ ဖွဲဖောက်နေပြီ။

''တောက် အရေးထဲ ကားကဖွဲဖောက်နေပြန်ပြီ''

''ခဏလေး ညီမလေးရေ၊ မမကြိုးစားပြီး နိုးကြည့်ဦးမယ်''

ဂျစ်ဂျစ်ဂျစ်ဂျစ်သာ မြည်နေ၏ ။ ကားက ဘယ်လိုမှမနိုး။

''မမ ကျောင်းနောက်ကျတော့မယ်နော်''

''အေးပါညီမလေးရယ်၊ ခဏလေးပဲ ခဏလေးပဲ''

ကားကဘယ်လိုမှ နိုးမရ။ လူသေကို လှုပ်နိုးနေသလို ဖြစ်နေ သည်။

''တောက် မိန်းကလေးနှစ်ယောက်တည်း နေတဲ့အိမ်မှာ ဒီလို စိတ်မချရတဲ့စက်ပစ္စည်းတွေ မသုံးသင့်ဘူး၊ တစ်ခုခုဖြစ်လာ ရင် ဟိုလူ့အားကိုးရ ဒီလူ့အားကိုးရနဲ့ စိတ်ပျက်တယ်၊ ဒီကား လဲမှဖြစ်တော့မယ်၊ လာ ညီမလေး၊ မမ ကားငှားပေးလိုက်မယ်''

သဒ္ဒါ့လက်ကိုဆွဲပြီး ခြံပြင်ဖက်သို့ ထွက်လာကြရင်း လိုတရ က သူ့ညီမသဒ္ဒါကို စိတ်မချစွာနှင့် တတွတ်တွတ်မှာနေ၏ ။

''အငှားကားစီးရင် နောက်ကြည့်မှန်ကို သွားမကြည့်နဲ့ နော်၊ အငှားကားဒရိုင်ဘာ သုံးပုံနှစ်ပုံက မွေးရာပါ ပျက်စီးလာ ကြတာ၊

ညီမလေးကြည့်မိတာနဲ့ လမ်းကိုမကြည့်ဘဲ ညီမလေးကို ပြုံးပြင်မ်းပြီးမောင်းနေတဲ့ ဒရိုင်ဘာရဲ့မျက်နှာကို တွေ့ရမယ်၊ ပြီး တော့ သူ ဘာစကားစစ ကိုယ့်ဘာကိုယ် မကြားဟန်ဆောင်ပြီး လမ်းဘေးပဲငေးနေ၊ ဒီလူတွေက ဆီဈေးတက်တာကစပြီး စကား စခေါ်လိမ့်မယ်၊ သူ့ဘာသူ ဆီဈေးပဲတက်တက်၊ သူ့မိန်းမ မီးယပ် ချမ်းပဲထထ၊ နောက်ဆုံး သားအိမ်ခေါင်းကင်ဆာပဲဖြစ်ဖြစ် ကိုယ်နဲ့ မဆိုင်ဘူး သိလား၊ ဘာမှ အရောတဝင်ပြန်ပြောမနေနဲ့၊ ပြန်ပြောမိ လို့ကတော့''

အသင့်ရောက်လာသော တက္ကစီတစ်စီးကို သဒ္ဒါက တား သည်။ လိုတရ၏ မှာတမ်းက တော်ရုံနှင့် ပြီးမည်မထင်။

''ညီမလေး မမ,မှာတာတွေ မမေ့နဲ့နော်''

လိုတရက အငှားကားနှင့်ထွက်သွားရရှာသော ညီမဖြစ် သူကို စိတ်မချစွာကြည့်ရင်း

''မဖြစ်ပါဘူး၊ ဒီကားလဲမှဖြစ်တော့မယ်၊ နောက်မဟုတ် ရင် ကလေးဒုက္ခ ရောက်တော့မယ်''

ဖုန်းထုတ်ကာ အလျင်စလိုပင် ဆက်၏ ။

''ကိုမောင်မောင်လား၊ အင်း ကျွန်မပါ လိုတရ၊ ကျွန်မ အိမ်ကကားကလေ ဖွဲဖောက်ပြီးနိုးမရဖြစ်ဖြစ်နေလို့ အိမ်မှာက လည်း သိတဲ့အတိုင်းပဲလေ၊ မိန်းကလေးနှစ်ယောက်တည်းဆိုတော့ စက်ပစ္စည်းတွေမကောင်းရင် သိပ်စိတ်ညစ်စရာကောင်းတယ်၊ အဲဒါ ကားလဲချင်လို့ အဆက်အသွယ်လေးဘာလေး၊ ဩော် ပြော ၀၉၅၁... အင်း အင်း ကျေးဇူးပဲ၊ သူ့နာမည်က ဘယ်သူ ပြည့်ဝ၊ ဟုတ်ကဲ့ ကျွန်မ မေးလိုက်မယ်၊ ကျေးဇူးပါပဲရှင့်''

ဖုန်းချကာ ချက်ချင်းပင် ကိုမောင်မောင်ပြောသော ပြည့်ဝ ဆိုသူ၏ ဖုန်းကို ပြန်ခေါ်၏ ။

***

လိုတရ၏ မိတ်ဆွေ ကိုမောင်မောင် ဆက်သွယ်ပေးမှုကြောင့် လိုတရနှင့်ပြည့်ဝတို့ ဆုံခဲ့ကြသည်။ ပြည့်ဝက နှုတ်ချို အပြောကောင်း သူတစ်ဦး။ ကားနှင့်ပတ်သက်၍ လည်း နှံ့စပ်သည်ဟု လိုတရက မှတ်ချက်ပြုသည်။ ယခုလည်း လိုတရကို ပြည့်ဝက ကားလိုက်ပြ၏ ။

''ကားကတော့ အမြင့်တန်းထဲကပဲ၊ ကြည့်လေ လက်တင်စီးရုံ ပဲ၊ သူက လိုင်စင်မတက်ရသေးတော့ သိန်းနှစ်ဆယ်လောက် လျှော့နေ တယ်၊ လိုင်စင်ကလည်း လွယ်ပါတယ်၊ တစ်ရက်နှစ်ရက်နဲ့ တက်လို့ ရတယ်၊ ကျွန်တော့်မှာ အဆက်တွေ ရှိတယ်၊ ပြီးတော့ ဒီကားက မြန်မာ ပြည်ဝင်လာကတည်းက တစ်လက်ကိုင်ပဲ ရှိသေးတယ်၊ အမည် ပေါက်ချင်လည်း လွယ်တယ်''

''ကားကိုတော့ကြိုက်ပါတယ်၊ ဈေးလေးပဲ''

''ဈေးကလည်း ဒီလိုကားမျိုးက နှစ်ရာပတ်ချာလည်ရှိတာ လူတိုင်းသိတယ်လေ၊ ကားထဲထည့်ထားတဲ့ ပစ္စည်းပေါ်မူတည်ပြီး အလျှော့အတင်းနည်းနည်းလေးရှိကြတာ၊ ဒီမှာကြည့် ဒီကား ကက်ဆက်ဆို မနေ့တစ်နေ့ကပဲ အသစ်လဲထားတာ၊ ဒီမှာ လေဘယ် တောင် ပါသေးတယ်၊ နှစ်သောင်းနှစ်ထောင်တဲ့''

''အဲဒါပြောတာပေါ့၊ ကျွန်မက ကားမောင်းရင် ကားကက်ဆက် နားမထောင်တတ်ဘူး၊ အာရုံများပြီး ကားတိုက်မှာစိုးလို့၊ အဲဒီ ကက် ဆက် ဖြုတ်ရင်ဖြုတ်လိုက်လေ၊ နှစ်သောင်းလျှော့သွားလည်း မနည်းဘူး''

''အာ ကားကြီးတစ်စီးလုံးဝယ်ပြီးမှ ဒီနှစ်သောင်းလေးနဲ့ဗျာ''

''နှစ်သောင်းလေးမဟုတ်ဘူး၊ နှစ်သောင်းကြီးရှင့်၊ အဲဒီ နှစ်သောင်းသုံးပြီး လူ(၇)ယောက်ကို တစ်နေ့ခိုင်းလို့ရတယ်''

ပြည့်ဝက ရောင်းသူကိုကြည့်၏။ ဘယ့်နှယ်လဲ လျှော့နိုင် မလားပေါ့။ ရောင်းသူက ခေါင်းတခါခါ လက်တခါခါနှင့်

''ကျုပ်ဖက်ကတော့ အမြင်အတိုင်းပဲ၊ ရောင်းတဲ့ဈေးက လည်း ဈေးမှန်ပဲ၊ ဒီကားကကက်ဆက်ဖြုတ်ထားလည်း ကျုပ်မှာ ကား မှမရှိတာ၊ ဘာလုပ်ရမှာလဲ၊ နောက်ဆုံးဈေးကို ပြောထားပြီပဲဗျာ''

''ကျွန်မကလည်း ကျွန်မဝယ်မယ့်ကားမှာ ဘာအပိုပစ္စည်း မှ မလိုချင်ဘူး၊ ကောင်းမယ်၊ မောင်းလို့ရမယ်၊ ဘီးလေးဘီးပါမယ် ဆိုရင် ရပြီ၊ ဒီလိုအပိုပစ္စည်းတွေအတွက် ငွေမပေးနိုင်ဘူး၊ ကဲ အဲဒီ ကားကက်ဆက်အတွက် နှစ်သောင်းလျှော့၊ နှစ်သောင်းလျှော့ ရင် အခုငွေချေလိုက်မယ်''

''နှစ်သောင်းလေးဗျာ၊ ဘာမှမဟုတ်ပါဘူး''

ပြည့်ဝက ဝင်၍ တည့်မတ်၏ ။

''မဟုတ်ရင်လည်း ရှင်ရမယ့် ပွဲခထဲက စိုက်လိုက်လေ''

လိုတရ၏ စရိုက်က ပိုရလျှင်မလိုချင်သလို ကိုယ့်ဖက်က မလိုလားအပ်တာတွေအတွက်လည်း ဘာတစ်ပြားတစ်ချပ်မှ အကုန် မခံလို။ ကားရောင်းသူက စိတ်မရှည်ဖြစ်လာပြီး

''ကဲ ကိုပြည့်ဝ ခင်ဗျားကိုအားနာလို့သာ သည်းခံနေတာ၊ ဒီလိုလူမျိုးကို ကျုပ်တို့မရောင်းချင်တော့ဘူး''

လိုတရ၏ ဗီဇကို ထိုစကားက ဆွလိုက်၏ ။

''အောင်မာ မရောင်းချင်လည်းနေပေါ့၊ ကမ္ဘာမှာ ရှင်တို့ကား တစ်စီးတည်း ထုတ်ထားတာ မဟုတ်ဘူး၊ စီးစရာကားတွေမှပြည့်လို့''

''ပြည့်လည်း အဲဒီ ကားတွေပဲ သွားဝယ်တော့''

ကားရောင်းမည့်သူက တင်းပြီး ထွက်သွား၏ ။ လိုတရက လည်း

လိုတရပီပီ သူ့တစ်ပြန်စီးတင်းနေသည့် ကားရောင်းသူကို နှစ်ပြန်သုံးပြန်စီး၍ ပြန်တင်းပစ်လိုက်သည်။

''ကဲ ကိုပြည့်ဝ မြင်လား၊ ငွေနှစ်သောင်းလောက်ကို ကတ် သပ်နေတာ''

''အာ ခင်ဗျားက ကတ်သပ်တာလေ''

''ဩော် ကျွန်မက ပေးရမယ့်လူရှင့်၊ နှစ်သောင်းမပြောနဲ့၊ နှစ်ရာသက်သာလည်း ရေခဲမုန့်တစ်ပွဲရတယ်၊ ဒီလိုလူတွေကားကို တော့ မဝယ်ဘူး၊ ရှင် နောက်ကြောင်းရှင်းတဲ့ တခြားကားရှာပေး၊ ရရင်ဖုန်းဆက်လိုက်''

လိုတရက သူ့ဒေါသနှင့်သူ ပြည့်ဝအား လိပ်စာကတ် ပေး ကာ ဆောင့်အောင့်ပြီးထွက်သွား၏ ။ ပြည့်ဝကလည်း ဘာသားနဲ့ထု ထားလို့လဲ။ ဒီကားလေး အရောင်းအဝယ်ဖြစ်ရင် ငွေလေးငါးသိန်း လောက် အချောင်ရမည့်အပေါက်ကို ဘာမဟုတ်တဲ့ ငွေနှစ်သောင်း လောက်နှင့် ပွဲပျက်ခံခဲ့ရသဖြင့် လိုတရကို တော်တော်ဒေါသမွှန်မိသည်။

''တောက် မိန်းမချွန်၊ သိန်းနှစ်ရာတန်ကားကို နှစ်သောင်း ဆစ်တဲ့ဟာမ၊ လက်ပေါက်ကပ်မ၊ ပြည့်ဝနဲ့တော့ တွေ့ဦးမယ်''

***

လိုတရ၏ လက်ပေါက်ကပ်မှုကြောင့် ပွဲပျက်သွားသော ပြည့်ဝ ယနေ့ ညနေပင်စောင်းတော့မည်။ ဘာတစ်ပွဲမှ မတည့် သေး။ ခုမှ နယ်မှတက်လာသူ လူတစ်ဦးက လေးဘီးတစ်စီးလိုချင် ကြောင်း ပြောလာ၏ ။ နယ်ဂရပ်ရတုန်း ဘယ်တုန်းကမှ အရောင်း အဝယ်မဖြစ်ခဲ့သော ကိုဘလှကြီး၏ လေးဘီးမာဇဒါ ကားစုတ် ကြီးကို ပြည့်ဝက အတင်း အရောင်းအဝယ်ဖြစ်အောင် စပ်တော့ သည်။ ဒီနေ့တော့ တစ်ပွဲပွဲ အောင်,အောင်စပ်ရမည်။

မည်သို့မှ အရောင်းမထွက်နိုင်သော လေးဘီးစုတ်ကြီးမို့ ကိုဘလှကလည်း ဝယ်လက်ကိုခေါ်လာနိုင်သော ပြည့်ဝအား ကျေးဇူး အတင်ကြီးတင်ကာ ဝမ်းသာလုံးဆို့နေ၏။

''ကားကတော့ဗျာ၊ လေးဘီးမာဇဒါတန်းထဲမှာတော့ နံပါတ်တစ်ကြီးပဲဗျ၊ ဒါ စစ်စတီနိုင်းမော်ဒယ်လေ၊ သူ့ရှေ့က မော် ဒယ်တွေက စမ်းသပ်ထုတ်တုန်းမို့ မကျွမ်းကျင်လို့ စွတ်ပြုတ်တွေ ဖြစ်နေတာ၊ ဆမ်မတီးမော်ဒယ်က စပြီး နောက်ပိုင်းမှာလည်း စက်ရုံက အတတ်လွန်ပြီး သံသားကအစ ခိုသွားပြီ၊ မာဇဒါစီးဖူး တဲ့လူတိုင်းသိတယ်၊ မာဇဒါဆို စစ်စတီနိုင်းမှ၊ ဒီမှာကြည့် အောက် ပိုင်းက လုံးကြီးပေါက်လှကြီး သံရည်ပြည့် တွေ့လား၊ စက်နှိုးကြည့် စက်သံကလည်း ကြိုးကြာမ ဖိုသံပေးတဲ့အသံမျိုး၊ ငြိမ်ပြီး ငြိမ့်ထွက် နေတာ၊ ချောက်ချောက်ချောက်ချောက်နဲ့ကြားလား၊ အဲဒါ သံမဏိ ပင်နီယံအချင်းချင်းတိုက်လို့ ဖြစ်တဲ့အသံ၊ ဒီအသံကြားရင် မှတ် ထားလိုက်တော့၊ ဒီအင်ဂျင်ဟာ အော်အတိုင်း ရှိသေးတယ်ဆိုတာ၊ ဒီမှာတွေ့လား၊ မီးခိုးက မီးခိုးရောင်လေး၊ ဒါ ဘာပြလဲဆိုတော့ အင်း..အင်ဂျင်ဆီမီး မှန်နေတယ်ဆိုတာပြတာ၊ ခုခေတ် ပါဂျဲရိုး လောက်ဆိုပြင်းတယ်၊ မာဇဒါစစ်စတီနိုင်းကတော့ဗျာ ကားနဲ့ပတ်သက် ပြီး အကယ်ဒမီပေးရင် နှစ်စဉ် ဒင်းချည်းအကယ်ဒမီရနေမယ့်ကား မျိုးဗျ''

ပြည့်ဝ၏ အပြောကို နားထောင်ရင်း ကိုဘလှက တဖြည်း ဖြည်း သူ့ကားကို ရောင်းဖို့ နှမြောလာ၏။

''ဒါလောက်ကောင်းတဲ့ကားမျိုးကို ငါက ဘာလို့ရောင်း ချင်ရတာ လဲ၊ ငါက သောက်ရူးကြီးလား''

ပြည့်ဝညွှန်းပုံကို ဝယ်သူကပင် တားယူရ၏။

''ကိုပြည့်ဝကလည်း တင်စားတာ မလွန်ဘူးလား၊ နည်း နည်းလျှော့ပါဦးဗျာ''

''ဟာ လျှော့လို့မရဘူးဗျ၊ ဒီထက်လျှော့ရင် လည်ပင်းအစ် သွားမယ်''

''ကဲ ကိုပြည့်ဝ ဒီလောက်ညွှန်းနေရင် ဒီကားပဲ ဝယ်သွား တော့မယ်ဗျာ၊ ကဲ ဆရာ ငွေချေမယ်''

ပြည့်ဝ၏ ညွှန်းပုံများကိုကြားပြီး ကိုဘလှ စိတ်လည်သွား ပြီ။ ပြည့်ဝက ပွဲခရတော့မည်ဟု ပျော်ပြီး ငွေထုပ်ကိုကြည့်နေစဉ် ကိုဘလှက

''မရောင်းနိုင်တော့ဘူးဗျာ''

ပြည့်ဝ ကြောင်သွား၏ ။

''ဗျာ ဘာ ဘာဖြစ်လို့လဲဟင်''

''ခင်ဗျားပြောပြမှ ကျုပ်ကား ဒီလောက်ကောင်းမှန်းသိ ရတယ်၊ ဒီလောက်ကောင်းနေတဲ့ကားကို ဘယ်ရောင်းလို့ ဖြစ်မလဲ ဗျာ၊ ကျုပ်က သောက်တုံးမှ မဟုတ်ဘဲ''

ပြည့်ဝ မျက်နှာရိပ်နှင့် ရောင်းရန်ပြောသော်လည်း ကိုဘ လှက ကားဘောနက်ပေါ် မှောက်အိပ်ပြီး ကြည်နူးပွတ်သပ်နေ တော့၏ ။

''ဟင့်အင်း ဟင့်အင်း မရောင်းဘူး၊ ဒီလောက်မာတဲ့ကား၊ မရောင်းနိုင်ဘူး၊ တခြားကားသွားရှာတော့''

ဝယ်သူက စိတ်ပျက်လက်ပျက်နှင့်

''ခင်ဗျားတို့ကလည်း အမျိုးမျိုးဗျာ၊ အစကတည်းက မ ရောင်းချင်လည်း မရောင်းနဲ့ပေါ့၊ ခုဝယ်မယ်ဆိုမှ၊ ဟင်း တင်းတယ် တင်းတယ် တင်းတယ် တင်းတယ်ဟေ့''

ပြောပြီး ဖောက်ဖောက်နှင့် ဆောင့်ကြီးအောင့်ကြီး ထွက် သွား၏ ။

ပြည့်ဝက ကိုဘလှကို နားချရမလို ဝယ်သူကို အတင်း ဆွဲထားရမလိုနှင့်

''အစ်ကို အစ်ကို ခဏ ခဏ''

''ကိုယ့်လူကို အရင်ပိုင်အောင် ညှိပါဦးဗျာ''

ဝယ်မည့်သူက ဒေါသနှင့် ဆောင့်ရှန်းထွက်သွား၏။ ပြည့်ဝ ကိုဘလှထံ ဒေါသနှင့်ပြန်လာကာ ကောတော့သည်။

''ဟေ့လူ ဘယ်လိုဖြစ်တာလဲဗျာ၊ ဒီလောက်စုတ်ပြတ်သပ် ပြီး လိပ်လိုပြေးတဲ့ကားကို ကျုပ်ကဝယ်တဲ့လူ စိတ်ပါအောင်၊ အာ ပေါက်အောင် ပြောထားရတာ ဗျ၊ ခင်ဗျားကား စစ်စတီနိုင်းမော် ဒယ်ကြီး မကြာခင် အပုံလိုက်ကျတော့မယ့်ဟာကြီးကို ဝယ်လက် ကလေးရတုန်းဗျာ၊ ရက်စက်လိုက်တာ''

''နို့ ခင်ဗျားပြောတော့ မာဇဒါထဲမှာ စစ်စတီနိုင်း မော် ဒယ်က အကောင်းဆုံးဆို''

''အာ စစ်စတီနိုင်းမော်ဒယ်ဆိုတာ ဒီလောက်အိုနေပြီ၊ တော်ရုံလူ ဘယ်ဝယ်မလဲဗျာ၊ဒါကြောင့် ကျုပ်က,ထည့်နေတာ''

''နို့ ခင်ဗျားပြောတော့ အောက်ပိုင်းက လုံးကြီးပေါက်လှ ကြီးဆို''

''အာ ခင်ဗျားကားအောက်ပိုင်းက အပေါက်ကြီးတွေကို သံပိုက်အလုံးကြီးတွေနဲ့ပိုးပြီးဖာထားရတယ်လို့ ပြောနေတာဗျ''

''နို့ ခင်ဗျားပဲ စက်သံက ကြိုးကြာမ ဖိုသံပေးသလို ငြိမ့်ညောင်း နေတာပဲဆို''

''ခင်ဗျားကားအသံက ပုရစ်အကောင်တစ်ထောင်လောက် ထိုင်ငိုနေတဲ့အသံဗျ''

''နို့ ခင်ဗျားပဲ သံမဏိပင်နယံတွေထိတဲ့အသံက ချောက် ချောက်ချောက်ချောက်နဲ့ မြည်နေတာဆို''

''ခင်ဗျားကားလား၊ သံမဏိသံထွက်မှာ ခင်ဗျားပင်နယံ တွေက နွားချေးခြောက်လောက်မှ ခိုင်တော့တာမဟုတ်ဘူး''

''နို့ ခင်ဗျားပြောတော့ မီးခိုးရောင်က မီးခိုးရောင်လေး ဆို''

''ဒီလောက် မီးခိုးထွက်နေတာ ဒီလိုပဲ ပြောရောင်းရမှာ ပေါ့၊ ကြည့်ဦး၊ ခင်ဗျားကား စက်တစ်ချက်နှိုးတာ လမင်းမှာပါ မှိုင်းစွဲနေပြီ၊ ဒီသုံးလေးရက်တော့ လသာနိုင်မှာ မဟုတ်တော့ဘူး''

''နို့ ခင်ဗျားပြောတော့ အသဲထိုရ်မြင်းကို ဘီးတပ်ထားသလို ပြေးတယ်ဆို''

''ခင်ဗျားမောင်းနေတဲ့ကား ခင်ဗျား မသိဘူးလား၊ အလုပ် အရေးကြီးရင် ဆင်းပြေးသွားတာကမှ အမြန်ရောက်ဦးမယ်၊ အသဲထိုရ်မဟုတ်ဘူး၊ ဓောင်းကောထနေတဲ့မြင်း အမောဖောက် နေသလိုပဲ တဂီးဂီးနဲ့''

''နို့ ခင်ဗျားပြောတော့ အကယ်ဒမီပေးရင် ဒီကားချည်းရ မှာဆို''

''အကယ်ဒမီ ကြွေချေးချုတ်ဆေးနဲ့ချုတ်ရင်တောင် ဒီချေး တွေကျွတ်မှာ မဟုတ်ဘူးလို့ ငေ့ါပြောတာ ငေ့ါပြောတာ''

''ဒါ ဒါဆို ဒီကားက ကျွန်တော်အရင်သိထားသလို ကား စုတ်ကြီးပဲပေါ့နော်''

ပြည့်ဝက အလွန့်အလွန်ကို စိတ်ပျက်သွားတဲ့ရုပ်နဲ့

''ခင်ဗျားကို ဘယ်လိုပြောပြရမလဲဗျာ၊ ဒီကားဟာ ဂီ လာနတိုက်နေတဲ့ မစွမ်းမသန်ကား၊ ဒုက္ခိတကား၊ သောက်အိုသောက် စုတ်ကားအဘိုးကြီးဗျ၊ ရုပ်ကြည့်ပါလား၊ သူတောင်းစားတောင် မစီးဘူး''

''ဟ ဒါဆိုလုပ်ပါဦးဗျာ၊ ခုနလာဝယ်တဲ့လူလေး ခေါ်ပေး ပါဦး''

''ရတော့မလားဗျာ့၊ အခုမှ၊ ကဲ ဒီတစ်ခါတော့ထားတော့၊ ဒီကားကို

ရောင်းထွက်အောင် ကျွန်တော် ရအောင်စပ်ပေးမယ်၊ ဒါပေမယ့် အလကားတော့မရတော့ဘူး၊ ဒီကားကိုရောင်းရရင် ပေးရမယ့်ပွဲခကို အခုကြိုပေးထား''

''ဟို ဒါတော့ ထုံးစံက''

''ထုံးစံကပြီးသွားပြီ၊ မလုပ်ချင်ရင် ခင်ဗျားသဘောပဲ''

ပြည့်ဝ ထထွက်ဟန်ပြင်၏။

ကိုဘလှက ပျာပျာသလဲဆွဲထားကာ

''ပွဲခအရင်ပေးဆိုလည်း ပေးထားပ့ါမယ် ပြည့်ဝရာ၊ ငါ့ ကားလေးသာ အရောင်းထွက်အောင်လုပ်ပေးပါ''

ကိုဘလှက ခါးကြားလိမ်ထားသော ငွေထုပ်ကို အမြန် ထုတ်ပေး၏။ ပြည့်ဝက ပိုက်ဆံယူ၍ ရေတွက်ရင်း

''အေး ကြိုပြောထားမယ်၊ ခင်ဗျားကားစုတ်ကို ရောင်း ထွက်အောင် လှည့်ပတ်ပြောပြီးမှ ခုလိုပဲ မရောင်းတော့ဘူးဆိုရင် တော့ ခင်ဗျားထိုက်နဲ့ခင်ဗျားကံပဲ၊ ခင်ဗျားအထုပ် ခင်ဗျားသာ ပိုက်ထားပေတော့၊ အေး ပွဲခလည်း ပြန်ရမယ်မထင်နဲ့''

''ကိုပြည့်ဝ အပြောကောင်းလို့ စိတ်လည်သွားတာပါ၊ နောက် မဖြစ်စေရပါဘူးဗျာ''

''ပြီးရော''

ပြည့်ဝက ယခုတော့ ဈေးဦးပေါက်သော ပွဲစားဖြစ်သွား ပြီ။ ဈေးဦးပေါက်သော ပွဲစားများသည် အချောင်ဘဝင်မြင့်တတ်သည့်အားလျော်စွာ ပြည့်ဝက ယခုတော့ ဘဝင်အတော်လေးမြင့် နေသည်။ လေစိုက်ပြီး ငွေရိုက်ရသူများမို့ ရသမျှငွေက အသား တင်ချည်းသာ ဖြစ်သည်။ ငွေယားလေး

အိတ်ထဲရောက်လာတော့ မတော်မတည့်အကြံများလည်း စဉ်းစားချိန်ရလာသည်။

''အင်း လိုတရဆိုတဲ့ ငွေနှစ်သောင်းနဲ့ ပွဲဖျက်သွားတဲ့ လက်ပေါက်ကပ်ကပ်ကောင်မလေးကို ထည့်ရမယ်''

အကြံရသည်နှင့် ဖုန်းထုတ်ဆက်၏ ။

''မလိုတရလား၊ ဩော် ဒီမှာ ကားတစ်စီးတွေ့ထားလို့၊ ဟုတ်ကဲ့ ကော်ဖီဆိုင်မှာ အရင်တွေ့လိုက်ကြတာပေါ့၊ ဘယ်ဆိုင်ဆို အဆင်ပြေမလဲ၊ ဟုတ်ပါပြီ၊ လာခဲ့ပါ့မယ်''

ပြည့်ဝ၏ အပြုံးက ဒီနေ့မှ ပိုပြည့်ဝနေမည် ထင်သည်။

***